# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 30, 2024 Volume 80, Number 22


၃၀.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၈၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၄.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၇၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၃၉၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြေပဲဆီတစ်ပိဿာ ၁၇၀၀၀ ကျပ်ဖြင့် ရောင်းပေးမည်

ပြည်တွင်းဆီစက်တွေမှာ ထုတ်လုပ်တဲ့ မြေပဲဆီတွေကို တစ်ပိဿာ ၁၇,၀၀၀ ကျပ်နှုန်းနဲ့ ရောင်းချသွားမယ်လို့ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက ထုတ်ပြန်ထားပါတယ်။

အသင်းရဲ့ ပဉ္စမအကြိမ်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဩဂုတ်လ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်ကြာပြုလုပ်မဲ့ ပြည်တွင်းမြေပဲဆီများ ဈေးရောင်းပွဲတော်မှာ ရောင်းချသွားဖို့ စီစဉ်ထားတာပါ။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းက မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်(UMFCCI)မှာ ရောင်းချပေးမှာဖြစ်ပြီး မြေပဲဆီသန့်သန့်ကောင်းကောင်း စားလိုသူတွေထံ ရည်ရွယ်ရောင်းချပေးရတာလို့ ဆိုပါတယ်။

ရောင်းချပေးမဲ့ ဆီပိဿာချိန်ပမာဏမှာ ပွဲတော်ကိုပေးပို့လာမဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှ စက်ပိုင်တွေကနေရရှိလာမဲ့အနေအထားနဲ့ ချိန်ဆပြီး ရောင်းချပေးသွားမှာပါ။

မြေပဲဆီတွေကို တစ်ပိဿာ ၁၇,၀၀၀ ကျပ်နှုန်းနဲ့ ငါးဆယ်သား၊ တစ်ပိဿာ၊ ငါးပိဿာ၊ ဆယ်ပိဿာစတဲ့ ပမာဏအတိုင်း ဘူးတွေအပါရောင်းချသွားဖို့ စီစဉ်ထားပါတယ်။

ပြည်တွင်းမြေပဲဆီများ ဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့က ဆီစက်ကုမ္ပဏီ ၁၅ ခုအထိ ရောင်းချပေးဖို့ လျာထားဆောင်ရွက်နေပါတယ်။

လက်လီဈေးကွက်အတွင်း လက်ရှိပေါက်ဈေးက မြေပဲဆီ(အလွတ်)တစ်ပိဿာ ၁၉,၀၀၀ ကျပ်ဈေးရှိပြီး နာမည်ကြီးမြေပဲဆီ အမှတ်တံဆိပ်တွေကတော့ တစ်ပိဿာကျပ် ၂၀,၀၀၀ ကျော် ဈေးရှိပါတယ်။

**Source: BETV Business**

## စားအုန်းဆီ တစ်လအတွက်တစ်ကြိမ် နှစ်ပိဿာနှုန်းဖြင့် အိမ်အရောက် ရောင်းပေးမည်

အိမ်ထောင်စုတစ်စုကို တစ်လအတွက် တစ်ကြိမ်မှာ စားအုန်းဆီ နှစ်ပိဿာနှုန်းနဲ့ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချပေးဖို့ စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း – MEODA က ကြေညာလာပါတယ်။

အရောင်းဆိုင်တွေဆီ သွားရောက်ဝယ်ယူဖို့ အခက်အခဲရှိတဲ့ အိမ်ထောင်စုတွေအနေနဲ့ စားအုန်းဆီတွေကို မိသားစုတစ်စု တစ်လစာဝယ်ယူနိုင်ဖို့၊ လျင်မြန်လွယ်ကူစွာနဲ့ အိမ်အရောက်ဝယ်ယူနိုင်စေဖို့ ရည်ရွယ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီက ပြောပါတယ်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဝယ်ယူနိုင်ရေးအတွက် Call Center ဖုန်းနံပါတ် ၀၁-၂၃၉၉၂၂၂ (လိုင်းခွဲ - ၇ လိုင်း) ကို ဇူလိုင်လ ၃၁ ရက်မှစပြီး နံနက် ၉ နာရီမှ ညနေ ၃:၃၀ နာရီအတွင်း တနင်္လာနေ့မှစနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) မှာကြားနိုင်ပါတယ်။

ဈေးနှုန်းတွေအနေနဲ့ တနင်္လာနေ့တိုင်း သတင်းစာတွေမှာထုတ်ပြန်တဲ့ လက်ကားရည်ညွှန်းဈေးနှုန်းကို အခြေခံပြီး အကျိုးအမြတ်ထည့်သွင်းထားခြင်းမရှိဘဲ ဘူးခွံဖိုးနဲ့ဘူးသွတ်ခကို ထည့်သွင်းတွက်ချက်ထားတဲ့ဈေးနှုန်းနဲ့ ရောင်းချသွားမှာပါ။

ပစ္စည်းပို့ဆောင်ခကို မှာကြားတဲ့ ဝယ်ယူသူဖက်မှ ပေးချေရမှာဖြစ်ပြီး ပစ္စည်းရောက်ငွေချေစနစ်နဲ့သာ ရောင်းချသွားမှာ ဖြစ်ပါတယ်။

ဆီဖိုးကို ကြိုတင်ပေးချေဖို့ မလိုအပ်ဘဲ မှာကြားရက်နဲ့ပစ္စည်းရောက်မဲ့ရက်မှာ သုံးရက်ခန့်ကွာခြားနိုင်တယ်လို့ ရန်ကုန်တိုင်း ဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီက ထုတ်ပြန်ထားပါတယ်။

ကော်မတီက ရောင်းချပေးမဲ့ ရည်ညွှန်းဈေးက ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ ရန်ကုန်အထိုင် စားအုန်းဆီအခြေခံ လက်ကားရည်ညွှန်းဈေးဖြစ်တဲ့ တစ်ပိဿာ ၅၄၈၅ ကျပ်နှုန်း ဖြစ်ပါတယ်။

ပြည်တွင်းဆီစက်တွေမှာ ထုတ်လုပ်တဲ့ မြေပဲဆီတွေကို တစ်ပိဿာ ၁၇,၀၀၀ ကျပ်နှုန်းနဲ့ ရောင်းချသွားမယ်လို့ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက ထုတ်ပြန်ထားပါတယ်။

**Source: BETV Business**

## ကွမ်းရွက်တစ်ပိဿာ ကျပ် ၄၀,၀၀၀ အထိ ဈေးတက်လာ




ယခုရက်ပိုင်းအတွင်း ရန်ကုန်ကွမ်းဈေးကွက်တွင် ကွမ်းရွက် တစ်ပိဿာ ကျပ် ၄၀,၀၀၀ အထိဈေးမြင့်တက်လာပြီး ကွမ်းယာဆိုင် အချို့ အရောင်းရပ်ထားရကြောင်း ဈေးကွက်အတွင်းမှ စုံစမ်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီး နစ်မြုပ်မှုကြောင့် ကွမ်းခင်းများပျက်စီးကုန်သည့်အတွက် ကွမ်းရွက် အဝင်မရှိသလောက်နည်းသွားကာ ကွမ်းရွက်ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း ကွမ်းရွက်အရောင်းဒိုင်များ၏ ပြောပြချက်အရ သိရသည်။

ဇူလိုင်လ ၂၂ ရက် မတိုင်ခင်က ကွမ်းရွက်တစ်ပိဿာကျပ် ၂၁,၀၀၀ သာရှိခဲ့သော်လည်း ရေကြီးနစ်မြုပ်မှုများဖြစ်ပြီးနောက် ကွမ်းရွက်တစ်ပိဿာ ကျပ် ၃၀,၀၀၀ အထိ ဈေးတက်ခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် ကျပ် ၄၀,၀၀၀ အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ “ကွမ်းခင်းတွေ အကုန်ရေမြုပ်ကုန်တယ်လို့ကြားတယ်။ အခုရောက်ထားပြီးသား ကွမ်းတွေကိုပဲ တစ်မြို့လုံးက ဖောက်သည် တွေကို အချိုးကျနဲ့ ပြန်ဖြန့်ပေးနေရတာ၊ ကွမ်းကအဝင်မရှိသလောက် နည်းသွားပြီ”ဟု ကွမ်းဒိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကွမ်းရွက်ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ကွမ်းယာရောင်းချသူများအနေဖြင့် ကွမ်းရွက်ဈေးနှုန်းကျပ် ၃၀,၀၀၀ အထိ ရောက်လာချိန်တွင် အယာအရေအတွက်ကိုလျှော့ပြီးရောင်းချခြင်း၊ တစ်ဆင့်နိမ့်ကွမ်းရွက်များ ဝယ်ယူရောင်းချရကြောင်းသိရ သည်။

ရန်ကုန်သို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးဘက်မှ ကွမ်းရွက်အဓိကတင်သွင်းခြင်းဖြစ်ပြီး ယခုအခါ အဆိုပါ ဒေသများ၌ နေရာအနှံ့ ရေကြီးနစ်မြုပ်ခြင်းဖြစ်ကြောင်းသိရသည်။

**Source: Popular News Journal**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကကတစ်ငါး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ကကတစ်ငါး ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်ကပြောပြ၍သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ကကတစ်ငါး ပိဿာချိန် ၄၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ ကကတစ် ငါးပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကကတစ်ငါး တစ်ပိဿာလျှင် အကြီး၊ အသေးအလိုက် ငွေကျပ် ၁၈,၅၀၀ မှ ၂၂,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်က ကကတစ်ငါး ထွက်ရှိပါတယ်။ ကကတစ်ငါးက မွေးမြူရာမှာ အကြမ်းခံနိုင်တာ၊ ကြီးထွားနှုန်းကောင်းတာနဲ့ ရှစ်လမှကိုးလအတွင်း ဈေးကွက်ဝင် အရွယ်ရောက်ရှိနိုင်ပါတယ်။ ပြည်တွင်းဈေးကွက်တွင်လဲ ဈေးကောင်းရလို ပြည်ပမှာလဲ ဈေးကွက်တည်မြဲပြီး တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရှာဖွေပေးနိုင်တဲ့ ငါးမျိုးဖြစ်ပါတယ်။ မွေးမြူသူတွေအနေနဲ့လဲ အကျိုးများတဲ့လုပ်ငန်းဖြစ်ပါတယ်။ ကကတစ်ငါးက အရွယ်အစားပေါ်မူတည်ပြီး အစာကျွေးမွေးတာမတူသလို ကျန်းမာမှုအပေါ် မူတည်ပြီး အရွယ်အစားပြောင်းလဲပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍သိရသည်။

အဆိုပါ ဈေးကွက်ဝင် ကကတစ်ငါးများသည် ပုံမှန်အားဖြင့် ခန္ဓာကိုယ်အလျား ၂၅ မှ ၁၀၀ စင်တီမီတာအတွင်းရှိပြီး အကြီးဆုံးမှာ စင်တီမီတာ ၂၀၀ ထိရှိကြောင်း၊ ကကတစ်ငါးများကို ရေချိုတွင်လည်းကောင်း၊ ရေချိုရေငန်စပ်တွင်လည်းကောင်း၊ ရေငန်တွင်လည်းကောင်း စီးပွားဖြစ်မွေးမြူကြပြီး မြေကန်များနှင့်မြစ်ချောင်းများတွင် လှောင်အိမ်များဖြင့်လည်း မွေးမြူကြကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လတွင် ကွမ်းသီးအနုပိဿာချိန် ၁၁၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လတွင် ကွမ်းသီးအနုပိဿာချိန် ၁၁၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်မော်ကပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၉,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၁၁၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်က ကွမ်းသီးအနုများကို ဝယ်လိုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကိုတင်ပို့ကုန် အများအပြားတင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့ နေရတဲ့ ကွမ်းသီးအနုကတော့ အရည်အသွေးကောင်းဖို့လိုအပ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၀,၅၀၀ ထိဈေးပေါက်နေပါတယ်။ လက်ရှိ ကွမ်းသီးအနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးသူတွေ အဆင်ပြေနေပါတယ်" ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်မော်ကပြောသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောင်သွားရောက်ဝယ်ယူ၍ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်ကွမ်းသီး အစိမ်း၊ အမှည့် ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိစောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

TIR

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်ပဲစင်းငုံ (နီ) အရောင်းအဝယ်ကောင်းမွန်နေ



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ကုလားပဲနှင့် ပဲစင်းငုံ (နီ)အမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲစင်းငုံ(နီ) အမျိုးအစားများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာလည်း ပြန်လည်ကောင်းမွန်ခဲ့ကြောင်းသိရသည်။

“မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့ပဲစင်းငုံ(နီ)တွေ အရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် အခြား ပြောင်း၊ ဂျုံ၊ တရုတ်ပဲကြီးစတဲ့ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီးကောင်းနေတယ်”ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေကပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀ ၊ ကုလားပဲ (TW)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၃,၀၀၀ ၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၇,၀၀၀ ၊ ပဲစင်းငုံ(နီ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀ ထိပေါက်ဈေးရှိကြောင်းသိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက် (စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၂၅,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀ ၊ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၉၅,၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဂုံးနှင့်ကမာတင်ပို့မှုသည် အဆ ၁၂၀ နီးပါးမြင့်တက်လာ

တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ဂုံးနှင့်ကမာတင်ပို့မှု မြင့်တက်လာပြီး ယခုနှစ် ပထမငါးလအတွင်း စုစုပေါင်းတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇သန်းကျော်ရရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၁၁၉ ဆ နီးပါးတိုးတက်လာခဲ့သည်။ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီမှ ပံ့ပိုးပေးသော တရုတ်အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ တရုတ်နိုင်ငံရှိ ဗီယက်နမ်နိုင်ငံ၏ ဈေးကွက်ဝေစုသည် ယမန်နှစ် ဝ ဒသမ ၂ ရာခိုင်နှုန်းမှ ယခုနှစ်မေလတွင် ၁၉ ဒသမ ၁ ရာခိုင်နှုန်းသို့ သိသိသာသာတိုးလာခဲ့သည်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၅ သန်းကျော်အထိရောက်ရှိခဲ့ကာ အခြား ပင်လယ်စာများနှင့် အအေးခံခရုများ တင်ပို့မှုမှာလည်း သိသိသာသာမြင့်တက်လာပြီး ယခင်နှစ် အလားတူကာလ၏ တင်ပို့ခဲ့သောပမာဏထက် ၈၂ ဆနီးပါးမြင့်တက်လာခဲ့သည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကမာကောင်များအတွက် ဟက်တာ ၄၁,၅၀၀ ကျော်မြှုပ်နှံထားပြီး အဓိကတင်ပို့သော ငါး၊ ပုစွန်များမှာ နှစ်စဉ် တန်ချိန် ၂၆၅,၀၀၀ ခန့်ထွက်ရှိကာ ဂုံးတန်ချိန် ၁၇၉,၀၀၀ ထွက်ရှိကြောင်းသိရသည်။ ဂုံးနှင့်ကမာကောင်များတင်ပို့မှုသည် တရုတ်နိုင်ငံမှလွဲ၍ အခြားနိုင်ငံများသို့ တင်ပို့မှုမြင့်တက်လာခဲ့ပြီး ပထမ ၅ လအတွင်း အမေရိကန်ဒေါ်လာ ၃၆ သန်းနီးပါးရောက်ရှိခဲ့ကာ ယမန်နှစ်ထက် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးလာကြောင်း ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်းမှာ ဤတိုးတက်မှုသည် bivalve ပင်လယ်စာဝယ်လိုအားမြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး ကုန်ကြမ်းများလုံလောက်စွာ ထောက်ပံ့မှုရှိနေပါက ဤဝယ်လိုအား ဆက်လက်တိုးလာမည်

ဖြစ်ကြောင်း တင်ပြခဲ့သည်။ ထို့ပြင် ဗီယက်နမ်ပုစွန်သားပေါက်များကို တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမှုသည် ယခုနှစ် ပထမ ၅ လအတွင်း သိသိသာသာတိုးလာခဲ့သည်။ ဗီယက်နမ်နိုင်ငံမှ ကျောက်ပုစွန်များနှင့် အခြားပုစွန်များကို တရုတ်နိုင်ငံသို့တင်ပို့မှုမှာ ယခုကာလအတွင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၆ သန်းရှိပြီး ယခင်နှစ်ထက် ၃၂ ဆတိုးလာခဲ့သည်။ တရုတ်နိုင်ငံရှိ ဗီယက်နမ်ကျောက်ပုစွန်များအတွက် ဈေးကွက်ဝေစုသည် ယမန်နှစ်၏ ၁ ရာခိုင်နှုန်းမှ ၂၅ ဒသမ ၃ ရာခိုင်နှုန်းသို့ ခုန်တက်သွားသည်။

ထို့ပြင် အေးခဲကျောက်ပုစွန်တင်ပို့မှုမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းနီးပါးရှိပြီး ၆၈၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သို့သော်လည်း ဗီယက်နမ်အေးခဲငါးခူအသားလွှာများ၊ တရုတ်နိုင်ငံသို့ ငါးခြောက်နှင့် အေးခဲပုစွန်များကဲ့သို့သော အခြားပင်လယ်စာထွက်ကုန်များ တင်သွင်းမှုမှာ လျော့နည်းသွားခဲ့သည်။ မေလတွင် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ တင်ပို့မှုတန်ဖိုး ကန်ဒေါ်လာ ၉၁ ဒသမ ၁ သန်းဖြင့် စတုတ္ထအကြီးဆုံး ပင်လယ်စာတင်သွင်းသူအဖြစ် ရပ်တည်ခဲ့ပြီး ယမန်နှစ်ထက် ၁၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။

နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီ၏အဆိုအရ တရုတ်နိုင်ငံ၏ စုစုပေါင်းတင်သွင်းမှုတွင် ဗီယက်နမ်ပင်လယ်စာ ထုတ်ကုန်များ၏ ဈေးကွက်ဝေစုသည် ၂၀၂၄ ခုနှစ် ပထမ ၅ လအတွင်း ကုန်ပစ္စည်းတချို့၏ တန်ဖိုးကျဆင်းသွားသော်လည်း ၂၀၂၃ ခုနှစ်၏ အလားတူကာလနှင့်နှိုင်းယှဉ်ပါက မြင့်တက်လာခဲ့သည်။

**Source: vnexpress**

https://www.doca.gov.mm

## အမေရိကန်နိုင်ငံ၏စီးပွားရေးသည် လျင်မြန်သည့်နှုန်းဖြင့် တိုးတက်လျက်ရှိခြင်း

၂၀၂၄ ခုနှစ်၊ ဒုတိယသုံးလပတ်အတွင်း ဂျီဒီပီတိုးနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းရှိသဖြင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် လျင်မြန်သည့်နှုန်းဖြင့် တိုးတက်လျက်ရှိကြောင်း Wall Street Journal သတင်းစာ၌ ၂၆-၇-၂၀၂၄ ရက်တွင် “U.S. Economy Grows at a Faster Pace” ခေါင်းစဉ်ဖြင့် ဖော်ပြချက်အရ သိရှိရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် ဒုတိယသုံးလပတ်အတွင်း စားသုံးသူများ၏ ငွေကြေးသုံးစွဲမှုတိုးလာခြင်း၊ စီးပွားရေး လုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုနှင့် သိုလှောင်ရုံရှိ ကုန်စည်ပမာဏတိုးလာခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း တည်ငြိမ်လာခြင်းတို့ကြောင့် အရှိန်အဟုန်ဖြင့်တိုးလာခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဒုတိယသုံးလပတ်အတွင်း ဂျီဒီပီသည် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ထရီလီယံ ရှိခဲ့သည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုကြောင်း၊ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်အတွင်း ဂျီဒီပီတိုးနှုန်းသည် ၁ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့သဖြင့် ဒုတိယသုံးလပတ်တွင် ဂျီဒီပီတိုးနှုန်းမြင့်မားလာခဲ့ကြောင်း၊ စတော့ဈေးကွက်မှာ အတက်အကျ နှစ်မျိုးလုံး ရောယှက်နေကြောင်း၊ Dow Jones Industrial Average သည် အနည်းငယ်မြင့်တက်ခဲ့သော်လည်း S& P 500 and Nasdaq Composite သည် ၁ ရာခိုင်နှုန်းအောက် ကျဆင်းခဲ့ကြောင်း၊ စီးပွားရေး တိုးနှုန်းမြင့်လာခဲ့သော်လည်း အမေရိကန်ဗဟိုဘဏ် (Federal Reserve) အနေဖြင့် လာမည့်အစည်းအဝေးအထိ အတိုးနှုန်း လျှော့ချရန်မရှိသေးကြောင်း၊ သို့ရာတွင် စက်တင်ဘာလအစည်းအဝေးမတိုင်မီအထိ ငွေကြေးဖောင်းပွမှုနှုန်း ဆက်လက် တည်ငြိမ်နေခဲ့ပါက ဗဟိုဘဏ်၏ စက်တင်ဘာလအစည်းအဝေးတွင် အတိုးနှုန်းလျှော့ချနိုင်ကြောင်း သိရသည်။

အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အစီရင်ခံစာအရ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပစ္စည်းကိရိယာနှင့် ဆော့ဖ်ဝဲများတွင် ရင်းနှီးမြှုပ်နှံမှုသည် ၅ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေတိုးနှုန်းများအနက် စက်ပစ္စည်းကိရိယာများတွင် ထည့်ဝင်မှုအများဆုံးဖြစ်ကာ ၁၁ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးလာခဲ့ကြောင်း၊ အတက်အကျမြန်သည့် စားသုံးကုန်နှင့် စွမ်းအင်ဈေးနှုန်းများကို ထည့်သွင်းတွက်ချက်မထားသည့် တစ်ဦးချင်း စားသုံးသူ ဈေးဆနှုန်းမှာ ပထမသုံးလပတ်တွင် ၃ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒုတိယသုံးလပတ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သဖြင့် ငွေကြေးဖောင်းပွမှုတည်ငြိမ်လာခဲ့သည်ကိုတွေ့ရကြောင်း၊ အမေရိကန်စီးပွားရေးကိုတိုင်းတာသည့် အညွှန်းကိန်းများမှာ တိုးတက်ကောင်းမွန်လာခဲ့သော်လည်း စားသောက်ကုန်၊ မော်တော်ယာဉ်နှင့်အိမ်ဈေးနှုန်းမြင့်တက်မှုတို့အပေါ် အမေရိကန်နိုင်ငံသားအများစုက စိတ်ကျေနပ်မှု မရှိကြသေးသည်ကိုတွေ့ရကြောင်း၊ ထို့ပြင် အတိုးနှုန်းမြင့်မားခြင်းသည် စားသုံးသူများ၏ ငွေကြေးသုံးစွဲမှုအပေါ်

ထိန်းချုပ်နေသကဲ့သို့ဖြစ်ပြီး အလုပ်သမားဈေးကွက်မှာလည်း နှေးကွေးလာခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံသားများ အိမ်ဝယ်ယူမှုများသည့် နွေဦးရာသီတွင် အိမ်ရောင်းအားကျဆင်းလျက်ရှိကြောင်းသိရသည်။

ထို့ပြင် Capital One Financial ၏ တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Mr. Richard Fairbank က အမေရိကန် စားသုံးသူများသည် စီးပွားရေး၏ အင်အားတစ်ရပ်ဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှင့် အတိုးနှုန်းသည် စားသုံးသူများအပေါ် သက်ရောက်မှု ရှိနေသေးသည်ဟုဆိုကြောင်း၊ ထို့ပြင် ဆွစ်ဇာလန်နိုင်ငံစုံလုပ်ငန်းကြီးတစ်ခုဖြစ်သည့် Nestle ကုမ္ပဏီကလည်း ၎င်းတို့ကုန်ပစ္စည်းများ၏ ဈေးနှုန်းတိုးမြှင့်သတ်မှတ်မှုကို ဖြည်းဖြည်းချင်းသာ ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ Southwest Airlines နှင့် American Airlines များအနေဖြင့် ဒုတိယသုံးလပတ်အတွင်း ဝင်ငွေကျဆင်းခဲ့ပြီး မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သည့် Ford နှင့် Stellantis ကုမ္ပဏီများ၏ အစုရှယ်ယာဈေးနှုန်းသည် ၂၀၂၃ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ကျဆင်းခဲ့ ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းကို တိုင်းတာသည့်အညွှန်းကိန်းအချို့မှာ မြင့်တက်နေသော်လည်း အချို့ညွှန်းကိန်းများမှာ ကျဆင်းလျက်ရှိနေသေးကြောင်း တွေ့ရှိရသည်။

**Source: ခင်ဆွေဦး**

**(စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)**

## အိမ်နီးချင်းနိုင်ငံများမှ ချင်း(ဂျင်း)နှင့် ကွမ်းသီး အမြောက်အမြား တင်သွင်းမှုကြောင့် မီဇိုရမ် တောင်သူများကို ထိခိုက်နစ်နာစေသည်ဟု ပြည်နယ် အထက်လွှတ်တော်အမတ်ပြောကြား

အိန္ဒိယနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများမှ ချင်း (ဂျင်း)နှင့် ကွမ်းသီး အမြောက်အမြား တင်သွင်းမှုကြောင့် မီဇိုရမ် ပြည်နယ်နှင့် အရှေ့မြောက်ဒေသရှိ တောင်သူများကို ထိခိုက်နစ်နာစေသည်ဟု ပြည်နယ်အထက်လွှတ်တော်အမတ် K. Vanlalvena က ထုတ်ဖော်ပြောကြားခဲ့ကြောင်း Northeast Live ရုပ်သံသတင်းဌာန၏ အင်တာနက်စာမျက်နှာတွင် ယခုလ ၂၅ ရက်က ဖော်ပြထားသည်။

အဆိုပါ ပြည်နယ်အထက်လွှတ်တော်အမတ်က တရုတ်နိုင်ငံမှ ချင်း(ဂျင်း) တင်သွင်းမှုကြောင့် အရှေ့မြောက်ဒေသမှ တောင်သူ လယ်သမားများကို ထိခိုက်စေသည်ဟု ပြောကြားခဲ့သည်။ ထို့ကြောင့် ပြည်ပမှ အဆိုပါ ကုန်ပစ္စည်းများတင်သွင်းမှုကို ချက်ခြင်းရပ်တန့်ပေးရန် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင်ပြောကြားသော ၎င်း၏မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းမှုကြောင့် ၎င်းတို့အနေဖြင့် လတ်ဆတ်သော ချင်း(ဂျင်း)နှင့် ကွမ်းသီး သီးနှံများ ရောင်းချရာတွင် အခက်အခဲများကြုံတွေ့နေရကြောင်း Vanlalvena မှ ပြောကြားခဲ့သည်။ အဆိုပါ သီးနှံနှစ်မျိုးသည် အရှေ့မြောက်ဒေသပြည်သူများအတွက် အဓိကအသက်မွေးဝမ်းကြောင်းမှုပြုရာ အရင်းအမြစ်ဖြစ်ကြောင်း ၎င်းမှဆက်လက် ပြောကြားခဲ့သည်။

အဆိုပါ လွှတ်တော်အမတ်က တရုတ်နိုင်ငံမှ ချင်း(ဂျင်း)အမြောက်အမြားတင်သွင်းမှုကို ချက်ချင်း ရပ်တန့်ပေးရန် ဗဟိုအစိုးရထံ တောင်းဆိုခဲ့သည်။ ယင်းသို့ မလိုအပ်ဘဲ ပြည်ပမှ ချင်း (ဂျင်း)နှင့် ကွမ်းသီး အမြောက်အမြား တင်သွင်းမှုသည် အရှေ့မြောက်ဒေသရှိ တောင်သူများ၏ အလုပ်အကိုင်ကို ပျက်ပြားစေသည်ဟု ၎င်းမှ ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် ကောက်ပဲသီးနှံများ နယ်စပ်ဖြတ်ကျော် မှောင်ခိုရောင်းဝယ်ရာတွင် အိန္ဒိယ-မြန်မာနယ်စပ်မှ မှောင်ခိုသမားများနှင့် အစိုးရအရာရှိများ ပါဝင်ပတ်သက်ဖွယ်ရှိကြောင်း အရှေ့မြောက်ဒေသမှ လူအများကယူဆသည်ဟု ၎င်းက ပြောကြားခဲ့သည်။

သို့ပါ၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် အထက်လွှတ်တော်အမတ်၏ အစီရင်ခံတင်ပြချက်ပါ ချင်း(ဂျင်း)နှင့် ကွမ်းသီးတင်သွင်းမှု ရပ်တန့်ရန်နှင့် နယ်စပ်ဒေသမှောင်ခိုရောင်းဝယ်မှု၌ အိန္ဒိယ-မြန်မာ နယ်စပ်မှ မှောင်ခိုသမားများနှင့် အစိုးရအရာရှိများ ပါဝင်ပတ်သက်ဖွယ်ရှိသည်ဟူသော တင်ပြချက်အား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**Ginger & Areca Nut Imports From Neighouring Countries Hurting Mizoram Farmers: RS MP K Vanlavena | Northeast Live**

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

## STOCK EXCHANGE (30.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 51,662 (Shares) | 110,135,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,900 | 9,000 | 8,900 | 15 | 134,500 | 33,109,694 | 297,987 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,500 | 3,550 | 3,500 | 9,569 | 33,665,800 | 38,929,150 | 138,199 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 1 | 8,300 | 10,400,986 | 86,328 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 20,925 | 36,618,750 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 1,000 | 2,850,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 456 | 798,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,600 | 226 | 1,040,200 | 10,497,598 | 49,339 |
| MAEX | 00008 | 3,500 | +0 | +0.00% | 3,400 | 3,500 | 3,400 | 570 | 1,945,000 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 30th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.79 | +2.81 | +0.69% | 410.55 | 412.79 | 408.18 | 32,762 | 77,060,550 | 8 | 778,589 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 30th Jul, 2024

| Trading Volume | Trading Value |
|---|---|
| 51,662 (Shares) | 110,135,550 (MMK) |

### Main Board

As of 1:00 pm, 30th Jul, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 51,662 (Shares) | 110,135,550 (MMK) |

| MYANPIX | 412.79 ▲ 2.81 |
|---|---|
| Total Volume (shares) | 32,762 |
| Total Value (MMK) | 77 mil |
| Listed Company | 8 |
| Market Cap. (MMK) | 778,589 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,550 | ▲ 50 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 1,750 | ▲ 50 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 3,500 | ▲ 0 |

TIR